# ပိုမိုကောင်းမွန်သည့် နည်းလမ်း




The Vanguard Series

# ပိုမိုကောင်းမွန်သည့်
# နည်းလမ်း



The Vanguard Series



J

## ဒုန်း ဒုန်း ဒုန်း


ရတနာပုံဟာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုတ်ထားပြီး ပါးလွှာနေတဲ့ နံရံကို တဒုန်းဒုန်းထုလိုက်လို့ ထွက်လာတဲ့အသံဖြစ်ပါတယ်။ သူမအရမ်း ဝမ်းနည်းနေတယ်။

ဒီနေ့ကတော့ အသက်၁၅နှစ်အရွယ်သာရှိသေးတဲ့ ကလေးတစ်ယောက် အတွက် ကံဆိုးတဲ့နေ့တစ်နေ့ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရတနာပုံ အိမ်ကမထွက်ခင် အဘိုးက အိမ်အလုပ်တွေမလုပ်လို့ သူမကို ဆူခဲ့ပါတယ်။ ကံဆိုးချင်တော့ ဒီနေ့မှာပဲ အတန်းနားချိန်မှာ အတန်းဖော် တစ်ယောက်နဲ့ စကားများခဲ့ပြန်တယ်။



ဒေါသထွက်တိုင်း နံရံကို လက်သီးနဲ့ထိုးတဲ့အပြုအမူဟာလည်း ရတနာပုံ လုပ်လေ့ရှိတဲ့အကျင့်တစ်ခုလို ဖြစ်လာခဲ့ပြီး အဲဒီလိုလုပ်လိုက်မှ သူ့စိတ်ထဲ နေသာထိုင်သာရှိသွားတယ်လို့ ခံစားရပါတယ်။ ဒါပေမယ့် ဒီတခေါက်မှာ သူမထိုးတာ အနည်းငယ်ပြင်းထန်သွားပါတယ်။ နာကျင်သွားတဲ့ သူမရဲ့ လက်ကို သူမနှုတ်ခမ်းနဲ့ထိကပ်လိုက်ပါတယ်။ ထို့နောက် သူမဟာစာသင် ခန်းလွတ်နားတဝိုက် ခြေကိုစတင်လှမ်းပါတယ်။ ဒေါသနဲ့အသက် ပြင်းပြင်း ရှူနေတဲ့ သူမရဲ့ပုံဟာ ဒေါသတကြီးဖြစ်နေတဲ့ နဂါးကြီးတစ်ကောင်နဲ့တူလို့ နေပါတယ်။

"ဘို တစ်ယောက်ပဲ ငါ့အပေါ်မှာနားလည်တယ်လို့" သူမတွေးပြီး သူ့သူငယ် ချင်းကို သတိရသွားပါတယ်။ "ဘို မကြာခင် အိမ်ပြန်လာမယ်လို့ ငါမျှော် လင့်တယ်"



ဘိုနဲ့ရတနာပုံတို့နှစ်ယောက်ဟာ နှစ်လှာပေါင်းမှတစ်ရွက်ဖြစ်တဲ့ စွယ်တော် ရွက်နဲ့တူပါတယ်။ သူတို့တွေဟာ အတူသွား၊ အတူစား၊ ဘာပဲလုပ်လုပ် အတူတူလုပ်ပါတယ်။ သူတို့ဟာ ကျောင်းပြေးပြီးမြစ်ကမ်းနားဘေးမှာ ပျော်ပွဲစားထွက်လေ့ရှိပါတယ်။ ရတနာပုံဟာ ဘိုနဲ့သူငယ်ချင်းဖြစ်လာ တဲ့အချိန်မှာတော့ သူမရဲ့ငယ်သူငယ်ချင်းဂျင်မီနဲ့ ကွဲကွာသွားခဲ့ပါတယ်။



တစ်နေ့မှာ ဘိုဟာ ကျောင်းထွက်ဖို့ဆုံးဖြတ်လိုက်ပြီး မြို့ပေါ်မှာ စားပွဲထိုးအဖြစ် အလုပ်သွားလုပ်ခဲ့ပါတယ်။ အခုဆို သူတို့အချင်းချင်း တွေ့ဖို့တောင်မလွယ်ကူတော့ပါဘူး။ သူတို့နှစ်ယောက်တွေ့တဲ့အခါ ဘိုကသူမကို ဆိုင်ကယ်အသစ်ပေါ်တင်ပြီး စားကောင်းသောက်ဖွယ်များ ကို ဝယ်ကျွေးမှာဖြစ်ပါတယ်။


ဘိုကသူ့အလုပ်ထဲမှာတွေ့ရတဲ့ စိတ်ဝင်စားစရာလူတွေအကြောင်းပြော ပြတာကို ရတနာပုံ နားထောင်ရတာ အလွန်နှစ်သက်ပါတယ်။ ဘိုက သူတွေ့ကြုံခဲ့ရတဲ့ မြို့ပေါ်တက်အလုပ်လုပ်တဲ့ အလုပ်ချိန်များစွာနဲ့ ခက်ခဲပင်ပန်းစွာဖြတ်သန်းပြီး ကံဆိုးစွာဇာတ်သိမ်းမလှတဲ့ လူတွေ အကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။

ဘိုပြောတာတွေနားထောင်ရလေလေ ရတနာပုံအနေနဲ့ ကမ္ဘာပေါ် မှာတစ်ယောက်တည်းရှိတဲ့ သူ့မသူငယ်ချင်းကို ဆုံးရှုံးရတော့မယ် လို့ ခံစားရလေလေဖြစ်လာပါတယ်။



အိမ်မှာနေရတာလည်း ရတနာပုံအတွက် အဆင်မပြေဘူး။ အိမ်မှုကိစ္စနဲ့ပတ်သက်ပြီး အဘိုးနဲ့သူမ အမြဲတမ်းစကားများ နေရတယ်။ ရတနာပုံအသက်၂နှစ်အရွယ်ကတည်းက သူမ မိဘတွေ ကွဲကွာသွားတာကြောင့် အဘိုးနဲ့လာနေခဲ့ရတာ ဖြစ်တယ်။ အဘိုးက သူမအဖေအမေကွဲကွာသွားတဲ့အကြောင်း တွေကိုမကြာခဏပြောပြီးဆူပူတာကြောင့် သူမအမှန်တကယ်ပဲ ရှူးချင်ခဲ့ပါတယ်။

ရတနာပုံဟာ ဝမ်းနည်းတဲ့စိတ်တွေ ပိုပြီးခံစားလာရပါတယ်။ ဒါနဲ့ပဲ သူမကိုးတန်းစာမေးပွဲပြီးရင် ဘိုနောက်ကို လိုက်သွား မယ်လို့ ဆုံးဖြတ်ခဲ့ပါတော့တယ်။





တစ်နေ့မှာ ဝေါလ်ဗီရှင်ရဲ့ဝန်ထမ်းတစ်ဦးဟာ သူတို့ကျောင်းကိုလာပါတယ်။  သူက လူကုန်ကူးမှုနဲ့ပတ်သက်တဲ့အဖြစ်အပျက်တွေကို ပြောပြခဲ့ပြီး ကျောင်းမှ “ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့” ကိုဝင်ရောက်ဖို့ ကျောင်းသားအယောက် ၂၀ကို ရှာဖွေပါတယ်။ ဒီလမ်းပြလူငယ်အဖွဲ့ဟာ ကျောင်းသားတွေကို လူကုန်ကူးမှုနဲ့လုံခြုံမှုမရှိတဲ့ ရွှေ့ပြောင်းသွားလာခြင်းအကြောင်းကို သူတို့အချင်းချင်း သင်ကြားစေမှာဖြစ်ပါတယ်။

ရတနာပုံဟာ အရင်တုန်းက လူကုန်ကူးမှုအကြောင်းကို တခါမှ မကြားဖူးခဲ့ပါဘူး။ ဒါပေမယ့် ကျွမ်းကျင်သောလမ်းပြလူငယ် သင်တန်းတက်လိုက်တဲ့အတွက် လူကုန်ကူးမှုကို ဘယ်လိုကာကွယ်မလဲဆိုတဲ့ အကြောင်း သင်ခဲ့ရပါတယ်။ ဒါက အပြင်မှာ အလုပ်လုပ်ဖို့ ကျောင်းထွက်သွားတဲ့ သူ့အတန်းဖော်တစ်ယောက်ကို သတိရသွားစေတယ်။ သူတို့တွေ အဆင်ပြေလုံခြုံပဲ့မလားလို့ တွေးမိပါတယ်။





ရတနာပုံဟာ သူမရဲ့သင်တန်းက အသင်းဝင်တွေရဲ့ သူတပါးကို ကူညီချင်တဲ့စိတ်နဲ့ ယုံကြည်ချက်တွေကို တကယ်ပဲမြတ်နိုးတန်ဖိုးထားပါတယ်။ သူမဟာ ဒီအသင်းအဖွဲ့ရဲ့အဖွဲ့ဝင်ဖြစ်လာတဲ့အခါ ဒီဆိုးရွားတဲ့လူကုန်ကူးမှုနဲ့ပတ်ဝန်းကျင်ကို ဘယ်လိုဆိုးကျိုးတွေသက်ရောက်စေလဲဆိုတာကို သင်ကြားသိရှိရတဲ့အတွက် သူမ အလွန်ပဲဝမ်းမြောက်ခဲ့ပါတယ်။ ဒီရဲ့အကျိုးကျေးဇူးကတော့ တခြားသူတွေ အန္တရာယ်မကျရောက်ဖို့ သူက သတိပေးနိုင်မှာဖြစ်ပါတယ်။





အဲဒီအဖွဲ့ရဲ့အစည်းအဝေးမှာ သူမဟာ ဘဂတွက်တာကျွမ်းကျင်စရာ အသိပညာဟာ လုံခြုံစိတ်ချရတဲ့ရွှေ့ပြောင်းသွားလာခြင်းနဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် အရေးပါကြောင်းကိုလည်း သင်ယူခဲ့ရပါတယ်။ ဒီလှုပ်ရှားမှုတွေဟာ ယုံကြည်မှုတည်ဆောက်ဖို့နဲ့ ကလေးတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး ဗဟုသုတတွေတိုးပွားလာဖို့အတွက် ရည်ရွယ်ကြောင်းကို ပေါလ်ဗီရှင်ဝန်ထမ်းက ပြောပြခဲ့ပါတယ်။ ဤနည်းအားဖြင့် လူတွေဟာ သူတို့ကြုံလာနိုင်တဲ့ ခြိမ်းခြောက်မှုတွေနဲ့ လူကုန်ကူးသူတွေရဲ့ အန္တရာယ်ကို သူတို့ကိုယ်တိုင် ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သက်ရှိယ်တူ ပညာပေးသူများအနေနဲ့ အခြားကျောင်းသားတွေကို ပညာပေးနိုင်အောင် သူတို့ကို သင်တန်းပေးသွားမှာဖြစ်ပါတယ်။

ရတနာပုံဟာ အရင်တုန်းက ဒါမျိုးတခါမှမလုပ်ဖူးတဲ့အတွက် စိတ်လှုပ်ရှားနေပါတယ်။





ရတနာပုံနဲ့တခြားသက်ရှယ်တူပညာပေးသူတွေဟာ အဖွဲ့လေးတစ်ဖွဲ့အဖြစ်နဲ့ စတင်လုပ်ကိုင်နေပါပြီ။ သူတို့တွေဟာ အစီအစဉ်ဆွဲပြီး သူတို့ကျောင်းနဲ့ အခြားရွာတွေမှာ အသိပညာပေးလှုပ်ရှားမှုလေးတွေလုပ်နေကြပါတယ်။ အဲဒီလှုပ်ရှားမှုတွေနဲ့ပဲ ရတနာပုံအလုပ်ရှုပ်နေခဲ့ပြီး ဂမ်းနည်းတတ်တဲ့စိတ်လည်း မခံစားရတော့ပါဘူး။ လူမှုဆက်ဆံရေးစွမ်းရည်တွေဟာ သူမကိုယုံကြည်မှုတွေမြှင့်တင်ပေးပြီး သူမရဲ့ဒေါသကိုလည်း ထိန်းချုပ်တတ်လာပါတယ်။



ဒီနေ့မှာ ရတနာပုံမျက်နှာမှာ အမြဲတမ်းအပြုံးလေးနဲ့တွေ့ရပြီး သူ့ရဲ့ကလေး ဘဝတုန်းက သူငယ်ချင်းဂျင်မီနဲ့လည်း နောက်တစ်ကြိမ် ရင်းနှီးတဲ့သူငယ်ချင်း ပြန်ဖြစ်ခွင့်ရနေပါပြီ။

" ငါအရင်တုန်းက နင့်ကိုကြောက်တယ်" လို့ ဂျင်မီကသူမကို ပြောပါတယ်
"နင်က အမြဲတမ်းဒေါသထွက်နေလို့ နင်နဲ့ဝေးဝေးမှာပဲနေခဲ့တာ။ နင်နံ့ရုံကို ထိုးနေတာတောင်ငါတွေ့ဖူးတာကိုး" လို့ဂျင်မီက သူမကို ပြောပါတယ်။



ရတနာပုံက အခုဆိုရင် ဒေါ်သတွေထိန်းတတ်နေပါပြီ။

သူနဲ့သဘောထားချင်းမတိုက်ဆိုင်တဲ့သူများကို နာမည်ဆိုးတပ်ပြီးခေါ်မယ့်အစား အခုတော့ သူမလုပ်ခင် အရင်စဉ်းစားတယ်လို့ပြောပါတယ်။

ရတနာပုံဟာ ကျောင်းတက်ရတာကိုလည်းပျော်ရွှင်လာပြီး ကိုးတန်းပြီးရင်လည်း ကျောင်းမထွက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။

"ငါဟာ ငါ့ရပ်ကွက်ထဲမှာရှိတဲ့ လူငယ်တွေရဲ့ဘဝကို အပြောင်းအလဲဖြစ်စေဖို့ လုပ်ဆောင်နေတယ်လို့ခံစားရတယ်" လို့ အပြုံးလေးနဲ့ပြောပါတယ်။
"သူတို့ဟာ မျက်စိပွင့်နားပွင့်ဖြစ်လာတဲ့အပြင် အရေးကြီးတဲ့အကြောင်းအရာတွေကို သိရှိနားလည်လာပြီး အဲဒီအသိတွေက သူတို့ဘဝတွေကို လုံခြုံစေမယ်လို့တွေးမိပါတယ်"။


JP